ပြည်သူ့လွှတ်တော်ရုံး
သုတေသနဌာန

ရက်စွဲ၊ ၂၀၂၀ ပြည့်နှစ်၊ ဇွန်လ ၁၆ ရက်

# ဆိုက်ဘာအနိုင်ကျင့်ခြိမ်းခြောက်ခြင်း (Cyberbullying) အခြေအနေအား လေ့လာတင်ပြခြင်း


## အကျဉ်းချုပ်

ဆိုရှယ်မီဒီယာသည် နေ့စဉ်လူမှုဘဝတွင် ကြီးမားသည့် အစိတ်အပိုင်းတစ်ခုဟု ဆိုနိုင်ပြီး မရှိမဖြစ် အရေးပါသော ကြားခံနယ်တစ်ခုလည်းဖြစ်ပါသည်။ ဆိုရှယ်မီဒီယာကို ဆယ်ကျော်သက် လူငယ်များကြားတွင် အများဆုံးအသုံးပြုနေကြပါသည်။ အသုံးပြုမှုများလာသည်နှင့်အမျှ အွန်လိုင်းမှတစ်ဆင့် ဓါတ်ပုံများ၊ ဗီဒီယိုဖိုင်များပေးပို့၍ ခြိမ်းခြောက်မှုများ ကြုံတွေ့နေရပါသည်။ ထို့ကဲ့သို့သောအရာများကြောင့် ဆယ်ကျော်သက်လူငယ်များသည် စိတ်ဓါတ်ကျဆင်းလာပြီး မိမိကိုယ်ကို အဆုံးစီရင်မှုများ တစ်နှစ်ထက်တစ်နှစ် ပိုမိုများပြားလာခဲ့ပါသည်။ မြန်မာနိုင်ငံ၌ ဆိုရှယ်မီဒီယာအသုံးပြုမှု များပြားလာပြီးနောက် ဆိုက်ဘာအနိုင်ကျင့်ခံရမှု အရေအတွက်မှာ ၂၀၁၅ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်၊ မေလအထိ အမှုပေါင်း (၁) ထောင်ကျော်ရှိခဲ့ပြီဖြစ်ပါသည်။ ၂၀၁၉ ခုနှစ် စာရင်းများအရ ကမ္ဘာတစ်ဝှမ်းရှိ ဆယ်ကျော်သက်အရွယ် (၄၃) ရာခိုင်နှုန်းနီးပါးသည် (အထူးသဖြင့် မိန်းကလေးအများစုမှာ) အွန်လိုင်းမှတစ်ဆင့်ခြိမ်းခြောက်ခံရမှုကို အများဆုံးရင်ဆိုင်ကြုံတွေ့နေရပါသည်။

ဤစာတမ်းတိုတွင် Cyberbullying ဖြစ်ပွားရသည့်အကြောင်းအရင်း၊ Cyberbullying ဖြစ်ပွားမှုအခြေအနေ၊ ကမ္ဘာ့နိုင်ငံများရှိ ဆယ်ကျော်သက်များအပေါ် ဖြစ်ပွားမှုအခြေအနေ၊ ကာကွယ်နိုင်မည့် နည်းလမ်းများ၊ နိုင်ငံအချို့တွင် ထုတ်ပြန်ထားသည့် ဥပဒေများနှင့် ဆိုက်ဘာမှုခင်းများကို ထိရောက်ကာကွယ်နိုင်မည့် ဥပဒေရေးဆွဲရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အထောက်အကူပြုနိုင်စေရေးအတွက် ရေးသားပြုစုတင်ပြလိုက်ရခြင်း ဖြစ်ပါသည်။


သုတေသနစာတမ်းတိုအမှတ်စဉ် ( ၁၃၂ )

ဤစာတမ်းတိုနှင့်ပတ်သက်၍ သတိပြုရန်အချက်များအား နောက်ဆုံးစာမျက်နှာတွင် ဖော်ပြထားသည်။

# မာတိကာ

စဉ် | အကြောင်းအရာ | စာမျက်နှာ

၁။ နိဒါန်း ....................................................................................................... ၃
၂။ ရည်ရွယ်ချက် ................................................................................................ ၃
၃။ နည်းနာနိဿယများ ......................................................................................... ၃
၄။ ဆိုက်ဘာအနိုင်ကျင့်ခြိမ်းခြောက်ခြင်း (Cyberbullying) ............................................ ၄
၅။ Cyberbullying ဖြစ်ပွားရသည့်အကြောင်းအရင်း .................................................... ၄
၆။ Cyberbullying ဖြစ်ပွားမှုအခြေအနေ ................................................................... ၅
၇။ ကမ္ဘာ့နိုင်ငံများရှိ ဆယ်ကျော်သက်များအပေါ် Cyberbullying ဖြစ်ပွားမှု အခြေအနေ ............ ၆
၈။ Covid-19 ကာလအတွင်း Cyberbullying ပြုလုပ်ခံရနိုင်ဖွယ်အခြေအနေ .............................. ၇
၉။ Cyberbuyllying ပြုလုပ်ရန် အသုံးပြုနေသည့် Application အမျိုးအစားများ ...................... ၉
၁၀။ ခြိမ်းခြောက်အကျပ်ကိုင်ခံရမှုအပေါ် ကာကွယ်နိုင်မည့်နည်းလမ်းများ .................................. ၉
၁၁။ အဖွဲ့အစည်းများ၏ဆောင်ရွက်ချက် ..................................................................... ၁၁
၁၂။ အစိုးရ၏ဆောင်ရွက်ချက်များ ............................................................................ ၁၂
၁၃။ ဆိုက်ဘာအနိုင်ကျင့်ခြိမ်းခြောက်မှုနှင့် စပ်လျဉ်း၍ အရေးယူဆောင်ရွက်နေသည့် ဥပဒေများ ........................................................................................................ ၁၃
၁၄။ ထင်မြင်ယူဆချက်များ ...................................................................................... ၁၄
၁၅။ အမေရိကန်နိုင်ငံတွင် ဆိုက်ဘာအနိုင်ကျင့်ခြိမ်းခြောက်ခြင်းနှင့်စပ်လျဉ်း၍ ဆောင်ရွက်နေမှုများ ........................................................................................ ၁၆
၁၆။ အိန္ဒိယနိုင်ငံတွင် ဆိုက်ဘာအနိုင်ကျင့်ခြိမ်းခြောက်ခြင်းနှင့်စပ်လျဉ်း၍ ဆောင်ရွက်နေမှုများ ........................................................................................ ၁၇
၁၇။ နိဂုံး ........................................................................................................... ၁၈

## နိဒါန်း

၁။ ကမ္ဘာတစ်ဝှမ်းတွင် အင်တာနက်သုံးစွဲမှုမှာ လစဉ်နှစ်ဘီလီယံခန့်အထိရှိလာပြီဖြစ်ပါသည်။ စစ်တမ်းများအရ မြန်မာနိုင်ငံတွင် ဆိုရှယ်မီဒီယာ (Social Media) သုံးစွဲမှု ၂၁ သန်းကျော်ရှိပြီး အသုံးပြုသူနှုန်းမှာ တစ်ဟုန်ထိုးမြင့်တက်လာခဲ့ပြီး (၁၀) ဦးအနက် (၄) ဦးသည် အင်တာနက် (Internet) ကို အသုံးပြုလျက်ရှိပါသည်။ အင်တာနက်အသုံးပြုမှုတွင်ကျယ်လာပြီး လူမှုကွန်ရက် (Social Network) နှင့် ဝက်ဘ်ဆိုက် (Website) များ ဖွံ့ဖြိုးတိုးတက်လာခြင်းနှင့်အတူ အားသာချက်နှင့် အားနည်းချက်များလည်း ဒွန်တွဲလျက်ရှိပါသည်။ အားသာချက်အနေနှင့် တစ်ဦးနှင့်တစ်ဦး လွယ်ကူစွာ ပြောဆိုဆက်ဆံနိုင်ခြင်း၊ အွန်လိုင်းမှတစ်ဆင့် သတင်းများ ဖတ်ရှုနိုင်ခြင်း၊ ပညာရပ်များ လေ့လာဆည်းပူးနိုင်ခြင်းစသည်တို့ရှိပါသည်။ အားနည်းချက်အနေနှင့် အွန်လိုင်းမှတစ်ဆင့် မိမိ၏ ဓါတ်ပုံ၊ ဗွီဒီယိုများကို ခွင့်ပြုချက်မရှိဘဲ ကူးယူကာ ညစ်ညမ်းသည့်နေရာများတွင် အသုံးပြုခြင်း၊ ခြိမ်းခြောက်ငွေညှစ်ခြင်း၊ ဂုဏ်သိက္ခာကျဆင်းစေရန် ပြုလုပ်ခြင်းစသည်တို့ဖြစ်ပါသည်။

## ရည်ရွယ်ချက်

၂။ (က) Cyberbullying ဖြစ်ပွားရသည့် အကြောင်းအရင်းများနှင့် ဖြစ်ပွားမှု အခြေအနေများကို သိရှိစေရန်၊

(ခ) ကမ္ဘာ့နိုင်ငံများရှိ ဆယ်ကျော်သက်များအပေါ် Cyberbullying ဖြစ်ပွားမှု အခြေအနေနှင့် ကာကွယ်နိုင်မည့် နည်းလမ်းများသိရှိစေရန်၊

(ဂ) နိုင်ငံတော်အစိုးရ၏ ဆောင်ရွက်ချက်များနှင့် နိုင်ငံအချို့တွင် ထုတ်ပြန်ထားသည့် ဥပဒေများကို သိရှိနိုင်စေရန်။

## နည်းနာနိဿယများ

၃။ ဤစာတမ်းတိုတွင် ထည့်သွင်းထားသည့် အချက်အလက်များကို အစိုးရမှ ထုတ်ပြန်ထားသည့် နိုင်ငံပိုင်သတင်းစာ၊ ပြည်တွင်း၊ ပြည်ပမှ ထုတ်ဝေထားသော Journal များ၊ UNICEF မှ ထုတ်ပြန်ထားသော သတင်းအချက်အလက်များ၊ Cyberbullying Statistics Trends 2020 နှင့် နိုင်ငံအချို့၏ Social Media website များမှ ထုတ်နှုတ်ရေးသားတင်ပြထားခြင်းဖြစ်ပါသည်။

## ဆိုက်ဘာအနိုင်ကျင့်ခြိမ်းခြောက်ခြင်း (Cyberbullying)

၄။ Cyberbullying ဆိုသည်မှာ အင်တာနက် (Internet) နှင့် နည်းပညာ (Technology) ကို အသုံးပြု၍ တစ်ဦး၊ တစ်ယောက် သို့မဟုတ် အဖွဲ့အစည်းတစ်ခုခုအပေါ်တွင် ခွင့်ပြုချက်မရှိဘဲ ပုဂ္ဂိုလ်ရေးသတင်းအချက်အလက်များ၊ စွပ်စွဲချက်များဖြင့် ထိခိုက်အရှက်ရစရာဖြစ်အောင်၊ နစ်နာဆုံးရှုံးမှုများ ဖြစ်ပေါ်အောင် တမင်ရည်ရွယ်၍ တစ်ဖက်သားထိခိုက်အောင် အနိုင်ကျင့်စော်ကားခြင်းဖြစ်ပါသည်။ ၎င်းအပြင် လူမှုကွန်ရက်နှင့် ကိုယ်ပိုင်ဝက်ဘ်ဆိုက် (Website) များပေါ်၌ ဖြစ်ပွားလေ့ရှိသည့် တိုက်ခိုက်မှုများသည် ဓာတ်ပုံ၊ ဗွီဒီယိုများကို ခွင့်ပြုချက်မရရှိဘဲ ကူးယူကာ ညစ်ညမ်းသည့် နေရာများတွင် အသုံးပြုခြင်း၊ မှားယွင်းသော သတင်းအချက်အလက်များ၊ ကောလာဟလများဖြင့် သူတစ်ပါးအား ထိခိုက်နစ်နာစေပြီး ဂုဏ်သိက္ခာကျဆင်းအောင် ပြုလုပ်ခြင်းတို့ဖြစ်ပါသည်။[1]

## Cyberbullying ဖြစ်ပွားရသည့်အကြောင်းအရင်း

၅။ သုတေသနစစ်တမ်းများအရ Cyberbullying ပြုလုပ်ရသည့် အကြောင်းရင်းမျိုးစုံရှိပါသည်-

(က) Cyberbullying ပြုလုပ်လိုက်ရသည့်အတွက် ၎င်းတို့၏စိတ်တွင် မွန်းကြပ်မှုများကို ဖြေလျော့သွားစေခြင်း၊

(ခ) စိတ်သက်သာရာရစေရန် တစ်စုံတစ်ဦးကို Cyberbullying ပြုလုပ်ခြင်း၊

(ဂ) မနာလိုသည့်စိတ်ကြောင့် တမင်ရည်ရွယ်၍ပြုလုပ်ခြင်း၊[2]

(ဃ) ဝေဖန်ကဲ့ရဲ့ခံရမည်ကို ကြောက်ကြသည့် မိန်းကလေးအများစုအနေနှင့် ၎င်းတို့အဖြစ်အပျက်များ ပြန်ပြောရမည်ကို ရှက်ရွံ့နေကြခြင်း၊

(င) အထက်ဖော်ပြပါအချက်ကို အခွင့်ကောင်းယူ၍ တချို့ယောကျ်ားလေးများသည် မိန်းကလေးများကို ပစ်မှတ်ထားတိုက်ခိုက်ကြခြင်း၊

(င) လက်စားချေသည့်သဘောနှင့် အရှက်ခွဲခြင်း၊

---

[1] သတိပြုရန်လိုသည့် ဆိုက်ဘာအနိုင်ကျင့်မှု၊ Eleven Media Group၊ available from: https://news-eleven.com/article/141094, ထုတ်ဝေသည့်ရက် အောက်တိုဘာလ ၁၉ ရက်၊ ၂၀၁၉ (ကြည့်ရှုသည့်ရက် မတ်လ ၁၇ ရက်၊ ၂၀၂၀)

[2] ကေခိုင်မိုး၊ သားသမီးတွေ Cyberbullying အလုပ်ခံနေရပြီဆိုရင် မိဘတွေအနေနဲ့ ဘာလုပ်မလဲ၊ available from: http://www.auntymay.com/facts-for-parents-to-check-whether-children-are-being-cyber-bullied-hn/, ထုတ်ဝေသည့်ရက် ဇန်နဝါရီလ ၁၇ ရက်၊ ၂၀၂၀ ပြည့်နှစ် (ကြည့်ရှုသည့်ရက် မေလ ၅ ရက်၊ ၂၀၂၀ ပြည့်နှစ်)

(စ) အကြောင်းအရာ တစ်ခုခုပေါ်တွင် မနာလိုဝန်တို၍ တိုက်ခိုက်ခြင်းစသည့် အခြေခံ အချက်ကြောင့်လည်းဖြစ်ပါသည်။

၆။ ယခင်က နာမည်ကျော်ကြားသည့် အနုပညာရှင်များအား ပစ်မှတ်ထား တိုက်ခိုက်ကြသော်လည်း ယခုအခါ အင်တာနက်အသုံးပြုသူများအား တိုက်ခိုက်နေသည်ကို တွေ့မြင်လာရပါသည်။[3]

## Cyberbullying ဖြစ်ပွားမှုအခြေအနေ

၇။ ၂၀၁၉ ခုနှစ်၊ ဆိုက်ဘာတိုက်ခိုက်မှုစာရင်းဇယားများအရ ကမ္ဘာတစ်ဝှမ်းရှိ ဆယ်ကျော်သက် ၄၃ ရာခိုင်နှုန်းနီးပါးသည် (အထူးသဖြင့် မိန်းကလေး အများစုမှာ လိပ်ပိုင်းဆိုင်ရာကိစ္စရပ်များ) အွန်လိုင်းမှ နှောင့်ယှက်မှုပုံစံ အမျိုးမျိုးနှင့် ရင်ဆိုင်ကြုံတွေ့ခံစားခဲ့ရပါသည်။[4]

၈။ မြန်မာနိုင်ငံတွင် ၂၀၁၅ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်၊ မေလအထိ ဆက်သွယ်ရေးဥပဒေပုဒ်မ ၆၆ (ဃ) နှင့် အရေးယူခဲ့သော မှုခင်းအရေအတွက်များကို အောက်ဖော်ပြပါ Graph တွင် ဖော်ပြထားပါသည်-




အရင်းအမြစ်။ Myanmar Police Force

၉။ အထက်ဖော်ပြပါ Graph ကိုလေ့လာကြည့်ပါက ၂၀၁၅ ခုနှစ်အတွင်း အသရေဖျက်မှုနှင့် အရေးယူဆောင်ရွက်ခဲ့သော မှုခင်းအရေအတွက် (၁၀) မှု ဖြစ်ပွားခဲ့ပြီး ၂၀၁၆ ခုနှစ်တွင် (၂၀၇) မှု အထိမြင့်တက်လာခဲ့ပါသည်။ ထို့အပြင် ၂၀၁၇ ခုနှစ်နှင့် ၂၀၁၈ ခုနှစ်တွင် အရေးယူခဲ့သော အမှုပေါင်း

---

[3] ဧရာဝတီ၊ အွန်လိုင်းပေါ်က အနိုင်ကျင့်မှုတွေကို ပြန်တုံ့ပြန်ကြရအောင်၊ available from: https://burma.irrawaddy.com/article/2019/08/07/200069.html, ထုတ်ဝေသည့်ရက် ဩဂုတ်လ ၇ ရက်၊ ၂၀၁၉ ခုနှစ် (ကြည့်ရှုသည့်ရက် မေလ ၄ ရက်၊ ၂၀၂၀ ပြည့်နှစ်)

[4] Cyberbullying Statistics, Facts, and Trends (2020), firstsiteguide, available from: https://firstsiteguide.com/cyberbullying-stats/, ထုတ်ဝေသည့်ရက် မေလ ၂ ရက်၊ ၂၀၂၀ ပြည့်နှစ် (ကြည့်ရှုသည့်ရက် မေလ ၇ ရက်၊ ၂၀၂၀ ပြည့်နှစ်)

(၃၈၁) မှုရှိလာခဲ့ပြီး ၂၀၁၉ ခုနှစ်တွင် (၃၅၅) မှု ထိရှိလာခဲ့ပြီး ပြန်လည် လျော့ကျလာခဲ့သည်ကို တွေ့ရှိရပါသည်။

## ကမ္ဘာ့နိုင်ငံများရှိ ဆယ်ကျော်သက်များအပေါ် Cyberbullying ဖြစ်ပွားမှုအခြေအနေ

၁၀။ လူမှုကွန်ယက်ဆိုက်ဘာတိုက်ခိုက်မှုကိန်းဂဏန်းဆိုင်ရာများအရ ကမ္ဘာပေါ်ရှိ အုပ်ထိန်းသူမိဘများ၏ ၆၅ ရာခိုင်နှုန်းသည် ဆိုရှယ်မီဒီယာပေါ်မှ တိုက်ခိုက်ခြိမ်းခြောက်မှုကို အကြီးမားဆုံး ခံစားနေရပြီး ၎င်းတို့အတွက် အဓိကစိုးရိမ်ပူပန်မှုတစ်ခုဖြစ်ကြောင်း ဖော်ပြထားပါသည်။ ထို့အပြင် ကမ္ဘာတစ်ဝှမ်းရှိ ဆယ်ကျော်သက်အများစု ၂၀ ရာခိုင်နှုန်းမှ ၄၀ ရာခိုင်နှုန်းအကြားသည် ဆိုက်ဘာတိုက်ခိုက်ရန် အဓိကသားကောင်များ ဖြစ်နေကြသည်ကို တွေ့ရှိရပါသည်။[5] လူငယ်အများစုသည် ၎င်းတို့အား အနိုင်ကျင့်ခြိမ်းခြောက်မှုများကို ဖုံးကွယ်ထားလေ့ရှိပါသည်။

(က) ကမ္ဘာတစ်ဝှမ်းတွင် ၂၀၀၇ ခုနှစ်မှ ၂၀၁၆ ခုနှစ်အတွင်း ဆိုက်ဘာအနိုင်ကျင့်ခြိမ်းခြောက်မှု ကြုံတွေ့နေရသည့် ဆယ်ကျော်သက်အရေအတွက်မှာ ၃၂ ရာခိုင်နှုန်းထိ ရှိလာခြင်း၊

(ခ) လေ့လာဆန်းစစ်ချက်များအရ ဆယ်ကျော်သက်အရွယ် အထူးသဖြင့် အသက် ၁၂ နှစ်မှ ၁၇ နှစ် အကြားရှိ မိန်းကလေး ၄၁ ရာခိုင်နှုန်းမှာ အွန်လိုင်းနှောင့်ယှက်မှု တစ်မျိုးမျိုးနှင့် ကြုံတွေ့ခံစားနေရခြင်း၊

(ဂ) သုတေသနအဆိုပြုချက်များအရ ဆိုက်ဘာခြိမ်းခြောက်မှုသည် လူကြီးများထက် ဆယ်ကျော်သက်လူငယ်များနှင့် လူငယ်များအပေါ် ပိုမိုပြင်းမားစွာ သက်ရောက်မှုများရှိနေပါသည်။

၁၁။ ကမ္ဘာ့နိုင်ငံများရှိ ဆယ်ကျော်သက်အရွယ်များအပေါ် Cyberbullying ဖြစ်ပွားမှုအခြေအနေများအား တစ်ဖက်ဖော်ပြပါ Graph တွင် ဖော်ပြထားပါသည်–

[5] Cyberbullying Statistics, Facts, and Trends (2020), firstsiteguide, available from: https://firstsiteguide.com/cyberbullying-stats/, ထုတ်ဝေသည့်ရက် မေလ ၂ ရက်၊ ၂၀၂၀ ပြည့်နှစ် (ကြည့်ရှုသည့်ရက် မေလ ၇ ရက်၊ ၂၀၂၀ ပြည့်နှစ်)




အရင်းအမြစ်။ *Ipsos, statista*

၁၂။ အထက်ဖော်ပြပါ Graph တွင် ၂၀၁၈ ခုနှစ်အတွင်း ကမ္ဘာ့နိုင်ငံများရှိ ဆယ်ကျော်သက်ကလေးငယ်များအပေါ် ဆိုက်ဘာဖြစ်ပွားမှု အခြေအနေများအား တွေ့မြင်နိုင်ပါသည်။ အိန္ဒိယနိုင်ငံနှင့် အမေရိကန်ပြည်ထောင်စုရှိ မိဘများ၏ပြောကြားချက်များအရ ၎င်းတို့၏ကလေးငယ်များသည် အခြားနိုင်ငံများနှင့်နှိုင်းယှဉ်လျှင် ဆိုက်ဘာတိုက်ခိုက်မှုဒဏ်ကို အမြင့်ဆုံး ကြုံတွေ့နေရပါသည်။[6] UK နိုင်ငံတွင် ဆယ်ကျော်သက်အရွယ် (၁၇) ရာခိုင်နှုန်း၊ အီတလီနိုင်ငံတွင် (၁၄) ရာခိုင်နှုန်း၊ ပြင်သစ်နိုင်ငံနှင့် စပိန်နိုင်ငံတွင် (၉) ရာခိုင်နှုန်း ဆိုက်ဘာအနိုင်ကျင့်ခြိမ်းခြောက်ခံနေရကြောင်း တွေ့ရှိရပါသည်။

## Covid-19 ကာလအတွင်း Cyberbullying ပြုလုပ်ခံရနိုင်ဖွယ်အခြေအနေ

၁၃။ ကမ္ဘာလုံးဆိုင်ရာကပ်ရောဂါ (Pandemic) အဖြစ်ထုတ်ပြန်ထားသော Coronavirus Disease -2019 (COVID-19) စတင်ဖြစ်ပွားပြီးနောက် မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံအချို့တွင်-

(က) ခရီးသွားလာမှုကန့်သတ်ခြင်း၊

(ခ) အများပြည်သူများ၏လုံခြုံမှု ပုံစံကန့်သတ်ခြင်း၊

(ဂ) မြို့/ရွာများတွင် လူဝင်/လူထွက် စိစစ်ခြင်း၊

---

[6] Statista, Where Cyberbullying is Most Prevalent, available from: https://www.statista.com/chart/15926/the-share-of-parents-who-say-their-child-has-experienced-cyberbullying/,ထုတ်ဝေသည့်ရက် အောက်တိုဘာလ ၃၀ ရက်၊ ၂၀၁၈ ခုနှစ် (ကြည့်ရှုသည့်ရက် မေလ ၄ ရက်၊ ၂၀၂၀ ပြည့်နှစ်)

(ဃ) ခရီးသည်ပို့ဆောင်ရေးယာဉ်၊ ရထား၊ လေယာဉ်များ ကန့်သတ်ခြင်း၊

(င) ညမထွက်ရ အမိန့်ထုတ်ပြန်ခြင်း၊ အထူးသဖြင့် Home Stay နေထိုင်စေခြင်းစသည့် အရေးပေါ်အစီအမံများအား ချမှတ်ဆောင်ရွက်လျက်ရှိပါသည်။

၁၄။ ထိန်းချုပ်ဆောင်ရွက် နေစဉ်ကာလအတွင်း ဒုစရိုက်သမားများအား ပြင်ပတွင် တွေ့မြင်ရမှု နည်းပါးသွားပြီး ၎င်းတို့သည် အခြေအမြစ် မရှိသော Online ဆက်သွယ်မှုများမှ လိင်ပိုင်းဆိုင်ရာ နှောင့်ယှက်မှုများ၊ မမှန်သတင်းများ ထုတ်လွှင့်ခြင်း၊ ခြိမ်းခြောက် ငွေတောင်းယူမှုများ ကျူးလွန်ခြင်းစသည်ဖြင့် တိုက်ခိုက်နေပါသည်။[7]

၁၅။ ကမ္ဘာ့နိုင်ငံများတွင် Covid-19 ကူးစက်ရောဂါကာလအတွင်း Home Stay နေထိုင်ကြသည့်အတွက် ကလေးများနှင့် ဆယ်ကျော်သက် အရွယ်များသည် ကျောင်းပညာရေးကိစ္စများကို ဆောင်ရွက်ရန်၊ သူငယ်ချင်းများနှင့် အဆက်အသွယ်ပြုနိုင်ရန် နေ့စဉ်အင်တာနက် (Internet) ကို အသုံးပြုနေရပါသည်။[8] ထိုကဲ့သို့ အသုံးပြုလာသည်နှင့်အမျှ ကျောင်းသားများအတွက် ဆိုက်ဘာအနိုင်ကျင့်ခံရမှု ပိုမိုကြုံတွေ့နိုင်ပါသည်။ ယခုအခါ နိုင်ငံတချို့တွင် ကျောင်းသားများအတွက် ပညာသင်ကြားပေးနိုင်ရန် Zoom၊ Microsoft Office 365 Home Schooling အစရှိသည့် Application များဖြင့် အွန်လိုင်းမှတစ်ဆင့် ပညာသင်ကြားပေးလျက်ရှိပါသည်။ Covid 19 ကာလတွင် ရောဂါထိန်းချုပ်ကန့်သတ်မှုများကြောင့် လူများသည် မိမိတို့နေအိမ်အတွင်းမှာပင် အကန့်အသတ်ဖြင့် နေထိုင်ကြရာမှ ဆယ်ကျော်သက်အရွယ်များ၊ အထူးသဖြင့် ကလေးသူငယ်များသည် Online မှ သင်ကြားမှုများရှိသော်လည်း တချို့လူငယ်များသည် Website, Sodia Media များကို အသုံးပြုမှုမှားရာမှ ဆိုက်ဘာအနိုင်ကျင့်ခံရမှု (Cyberbullying) အခြေအနေသို့ ရောက်ရှိနိုင်ပါသည်။ ထိုသို့ရောက်နိုင်ဖွယ်ရာရှိကြောင်း နိုင်ငံတကာသတင်းဌာနတချို့မှ ညွှန်းဆိုထားပါသည်။[9] အရေးအတွက်

[7]ကြေးမုံသတင်းစာ၊ Coronavirus Disease-2019 (COVID-19) ရောဂါကာလကို အခွင့်ကောင်းယူ၍ မှုခင်းကျူးလွန်နေမှုများအား ပြည်သူများသို့ အသိပေးနှိုးဆော်ခြင်း၊ စာမျက်နှာ ၁၄ ၊ ၂၀၂၀ ပြည့်နှစ်၊ မေလ ၄ ရက်နေ့ထုတ် ကြေးမုံသတင်းစာမှ ကောက်နုတ်ရရှိပါသည်။ (ကြည့်ရှုသည့်ရက် မေလ ၄ ရက်၊ ၂၀၂၀ ပြည့်နှစ်)

[8] The Offical Blog of Children's Hospital of Orange Country, Cyberbullying and Covid-19, Available from: https://blog.chocchildrens.org/tag/bullying/, ထုတ်ဝေသည့်ရက် ဧပြီလ ၈ ရက်၊ ၂၀၂၀ ပြည့်နှစ် (ကြည့်ရှုသည့်ရက် မေလ ၂၆ ရက်၊ ၂၀၂၀ ပြည့်နှစ်)

[9] The Offical Blog of Children's Hospital of Orange Country, Cyberbullying and Covid-19, Available from: https://blog.chocchildrens.org/tag/bullying/, ထုတ်ဝေသည့်ရက် ဧပြီလ ၈ ရက်၊ ၂၀၂၀ ပြည့်နှစ် (ကြည့်ရှုသည့်ရက် မေလ ၂၆ ရက်၊ ၂၀၂၀ ပြည့်နှစ်)

တိတိကျကျ မသိရှိရသော်လည်း Covid-19 ကာလတွင် Cyberbullying ပြုလုပ်ခံရနိုင်ဖွယ် ပိုမိုရှိလာနိုင်ခြေရှိပါသည်။[10]

**Cyberbuyllying ပြုလုပ်ရန် အသုံးပြုနေသည့် Application အမျိုးအစားများ**

၁၆။ ဆိုက်ဘာခြိမ်းခြောက်မှု ပြုလုပ်နိုင်သည့် အသုံးပြုနေသော Application အမျိုးအစားများကို အောက်ဖော်ပြပါအတိုင်း ဖော်ပြထားပါသည်-[11]




အရင်းအမြစ်။ We Media

၁၇။ ယနေ့ကမ္ဘာတစ်ဝှမ်း၌ Social Media အသုံးပြုသူများ တစ်နေ့ထက်တစ်နေ့ မြင့်တက်လာသည်နှင့်အမျှ အွန်လိုင်းခြိမ်းခြောက်မှုများ များပြားလာခဲ့ပါသည်။ Application အမျိုးအစားများစွာရှိသည့်အနက် Facebook, Instagram, Snapchat စသည်တို့ကို အများဆုံးအသုံးပြု၍ ခြိမ်းခြောက်မှုများပြုလုပ်နေကြပါသည်။

**ခြိမ်းခြောက်အကျပ်ကိုင်ခံရမှုအပေါ် ကာကွယ်နိုင်မည့်နည်းလမ်းများ**

၁၈။ လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား အင်တာနက်စာမျက်နှာတွင် ခြိမ်းခြောက်အကျပ်ကိုင်ခံရပါက အောက်ပါအချက်များအတိုင်း သတိပြုဆောင်ရွက်သင့်ပါသည်-

[10] Cyberbullying During Covid-19, Stomp Out Bullying, available from: https://www.stompoutbullying.org/blog/cyberbullying-during-covid-19/, ထုတ်ဝေသည့်ရက် ဧပြီလ ၆ ရက်၊ ၂၀၂၀ ပြည့်နှစ် (ကြည့်ရှုသည့်ရက် မေလ ၂၆ ရက်၊ ၂၀၂၀ ပြည့်နှစ်)

[11] Cyberbullying လုပ်ခံရတာကနေ ဘယ်လိုကာကွယ်မလဲ၊ available from: http://we.com.mm/detail/10271 (ကြည့်ရှုသည့်ရက် ဇွန်လ ၁၂ ရက်၊ ၂၀၂၀ ပြည့်နှစ်)

(က) **ခြိမ်းခြောက်သူကို (လုံး၀) အကြောင်းမပြန်ပါနှင့်။** ခြိမ်းခြောက်သူကို စာပြန်ခြင်းသည် ၎င်းတို့ပို့သည့်စာကို ဖတ်ပြီးသွားပြီဆိုသည့် အဓိပ္ပါယ်ကို သက်ရောက်စေပါသည်။ စာမပြန်ပဲထားခြင်းသည် ၎င်းတို့၏စာကို မဖတ်မိသေးသည့်အထင်နှင့် အချိန်ပိုရနိုင်ပါသည်။ တချို့ Chat application များတွင် Seen ဆိုသည့် စာပြန်ပေါ်စေသည့်အတွက် ဖတ်ပြီးကြောင်း ခြိမ်းခြောက်သူကို သိရှိနိုင်ပါသည်။ သို့သော် စာပြန်ပို့ခြင်းသည် မိမိအနေဖြင့် စိတ်ပူနေကြောင်း ပြောပြသည့် အဓိပ္ပါယ်ကို သက်ရောက်စေပါသည်။ မိမိအနေဖြင့် သက်ဆိုင်ရာတိုင်မည်ဟု ခြိမ်းခြောက်လျှင်လည်း ပြဿနာကို ပိုမိုနှိုးဆွပေးရာ ရောက်ပေလိမ့်မည်။ ထို့ကြောင့် အကောင်းဆုံးနည်းလမ်းမှာ စာမပြန်ပဲနေခြင်းပင်ဖြစ်ပါသည်။[12]

(ခ) **ခြိမ်းခြောက်သည့် Message များကို Screenshot ယူသိမ်းထားပါ။** ထိုသို့ပြုလုပ်ခြင်းသည် သက်ဆိုင်ရာသို့ တိုင်ကြားသည့်အခါတွင် သက်သေခံအထောက်အထားအဖြစ် ပြနိုင်စေရန် ဖြစ်ပါသည်။ ခြိမ်းခြောက်လာသူနှင့်ပတ်သက်၍ အချက်အလက်များကို များနိုင်သမျှ များအောင် စုဆောင်းပါ။ မိမိရရှိထားသည့် အချက်အလက်များအပေါ်မူတည်ပြီး ရပ်တန့်နိုင်အောင် မည်ကဲ့သို့လုပ်ဆောင်နိုင်မည်ကို စဉ်းစားနိုင်ပါသည်။[13]

(ဂ) **ခြိမ်းခြောက်အကျပ်ကိုင်သူကို ချက်ချင်း block ပါ။** မိမိအနေနှင့် သက်သေအထောက်အထားများကို သိမ်းဆည်းပြီးသည်နှင့် ခြိမ်းခြောက်သူကို နောက်တစ်ကြိမ် ဆက်သွယ်မရအောင် Chat App တစ်ခုခုတွင် block ပါ။ Phone ဖြစ်ပါက Blacklist စာရင်းထဲ ထည့်လိုက်ပါ။ ဖုန်းနံပါတ်သိလျှင် သက်ဆိုင်ရာဖုန်း Operator ကို ဆက်သွယ်ပြီးတိုင်ကြားနိုင်ပါသည်။

[12] အင်တာနက်ပေါ်မှာ ခြိမ်းခြောက်ခံရရင် ဘာတွေလုပ်ရမလဲ၊ available from: https://www.myanmarwebdesigner.com/blog/how-to-stop-cyber-bullying.html (ကြည့်ရှုသည့်ရက် မေလ ၈ ရက်၊ ၂၀၂၀ ပြည့်နှစ်)

[13] အင်တာနက်ပေါ်မှာ ခြိမ်းခြောက်ခံရရင် ဘာတွေလုပ်ရမလဲ၊ available from: https://www.myanmarwebdesigner.com/blog/how-to-stop-cyber-bullying.html (ကြည့်ရှုသည့်ရက် မေလ ၈ ရက်၊ ၂၀၂၀ ပြည့်နှစ်)

(ဃ) **မိတ်ဆွေသူငယ်ချင်းများနှင့်တိုင်ပင်၍ အကူအညီရယူပါ။** မိတ်ဆွေများအနေနှင့် ခြိမ်းခြောက်အကျပ်ကိုင်သည့် Message များကိုအဆင့်ဆင့် "မ" Share သင့်ပါ။ ခြိမ်းခြောက်သူကို အားပေးရာရောက်ပါသည်။ အခြားနည်းလမ်းများဖြင့်သာ ကူညီသင့်ပါသည်။ ခြိမ်းခြောက်သူအား သက်သေများအား သိမ်းဆည်းထားကြောင်း၊ ဥပဒေအရ အရေးယူမည်ဖြစ်ကြောင်း ပြောနိုင်ပါသည်။

(င) **ခြိမ်းခြောက်အကျပ်ကိုင်သူကို Report လုပ်ပါ။** Facebook Account သိလျှင် Facebook ကို Report လုပ်ပါ။ Facebook တွင် အခြားအကောင့်နှင့် လာအပ်နိုင်သောကြောင့် မိမိ၏အကောင့်နာမည်ပြောင်း၍ ခြိမ်းခြောက်ခံနေရသည့် ကာလအတွင်း မိမိအား လာ add သူများကို လက်မခံပါနှင့်၊ မှတ်ထားပါ။ ဓါတ်ပုံပါလျှင် သိမ်းဆည်းထားပြီး သက်ဆိုင်ရာသို့ တိုင်ကြားသည့်အခါ ထည့်သွင်းပြောကြားနိုင်ပါသည်။

(စ) **သက်သေများ ပေးပို့၍ ရဲတိုင်ပါ။** မိမိမှာ ခြိမ်းခြောက်ခံနေရကြောင်း တိုင်ကြားပြီး ရဲတပ်ဖွဲ့နှင့်ပူးပေါင်း၍ ဆောင်ရွက်သင့်ပါသည်။ ရဲတပ်ဖွဲ့နှင့် အစိုးရပိုင်း တာဝန်ရှိသူများ၏ Facebook Page များသို့ ပေးပို့တိုင်ကြားခြင်းလည်း ပြုလုပ်သင့်ပါသည်။[14]

## အဖွဲ့အစည်းများ၏ဆောင်ရွက်ချက်

၁၉။ ကမ္ဘာတစ်ဝှမ်းရှိ အသက် (၁၂ နှစ် မှ ၁၇ နှစ်) ကြားရှိကလေးငယ်များနှင့် ဆယ်ကျော်သက်လူငယ်များသည် အွန်လိုင်းမှ အနိုင်ကျင့်ခြိမ်းခြောက်မှုများ ကြုံတွေ့နေကြရပါသည်။ ကမ္ဘာတစ်ဝှမ်းတွင် အွန်လိုင်းမှ အနိုင်ကျင့် ခြိမ်းခြောက်မှုများ အဆုံးသတ်သွားစေရန် UNICEF နှင့် အခြားနိုင်ငံတကာ အဖွဲ့အစည်းများသည် အကြိမ် (၃၀) မြောက်ကလေးသူငယ်အခွင့်အရေးဆိုင်ရာညီလာခံတွင် ကလေးငယ်များအတွက် ကာကွယ်ပေးနိုင်မည့် မူဝါဒများကို ချမှတ်ထားပါသည်-

(က) ကလေးငယ်များနှင့် ဆယ်ကျော်သက်လူငယ်များကို အွန်လိုင်းမှ ခြိမ်းခြောက်မှုနှင့် အနိုင်ကျင့်မှုများမှ ကာကွယ်ဖို့ရန် မူဝါဒများ ထုတ်ပြန်ခြင်း၊

---

[14] အင်တာနက်ပေါ်မှာ ခြိမ်းခြောက်ခံရရင် ဘာတွေလုပ်ရမလဲ၊ available from: https://www.myanmarwebdesigner.com/blog/how-to-stop-cyber-bullying.html (ကြည့်ရှုသည့်ရက် မေလ ၈ ရက်၊ ၂၀၂၀ ပြည့်နှစ်)

(ခ) အွန်လိုင်းမှ ခြိမ်းခြောက်မှုများကို တိုင်ကြားရန် အရေးပေါ် တယ်လီဖုန်းလိုင်းများ တည်ထောင်ပေးခြင်း၊

(ဂ) အွန်လိုင်းသုံးစွဲနေသည့် ကလေးများနှင့် ဆယ်ကျော်သက်လူငယ်များကို social media နှင့်စပ်လျဉ်း၍ မူဝါဒများနှင့် လမ်းညွှန်ချက်များ ထုတ်ပြန်ထားခြင်း၊

(ဃ) အွန်လိုင်းခြိမ်းခြောက်မှု၊ အနိုင်ကျင့်မှုများကို တုံ့ပြန်နိုင်ရန်နှင့် ကာကွယ်နိုင်ရန် မိဘ၊ ဆရာများအား သင်တန်းပို့ချထားခြင်းများ ပြုလုပ်ရန်စသည်တို့ဖြစ်ပါသည်။[15]

## အစိုးရ၏ဆောင်ရွက်ချက်များ

၂၀။ မြန်မာနိုင်ငံ၌ အင်တာနက်မှုခင်းဖြစ်စဉ်များနှင့်ပတ်သက်၍ အစိုးရအနေဖြင့် ၂၀၁၅ ခုနှစ်က Cyber Crime ဌာနကို ဖွဲ့စည်းခဲ့ပြီး နည်းပညာနှင့်စပ်လျဉ်းသည့် အမှုများသာမက ရာဇဝတ်မှုခင်းများကိုပါ ကိုင်တွယ်နေရပါသည်။[16] ဆိုက်ဘာမှုခင်းများနှင့်ပတ်သက်၍ ရဲဌာနသို့တိုင်ကြားရာတွင် Cyberbullying ဟူသောခေါင်းစဉ်အဖြစ် သီးခြားမရှိသော်လည်း အသရေဖျက်ခြင်း၊ ခြိမ်းခြောက်ခြင်း အစရှိသည့် ခေါင်းစဉ်များဖြင့် တိုင်ကြားမှုများရှိပါသည်။ Cyberbullying အပါအဝင် ဆိုက်ဘာမှုခင်းအားလုံးအတွက် သီးသန့်အကျုံးဝင်ကာ စီရင်ဆုံးဖြတ်ပေးနိုင်မည့် ဆိုက်ဘာနှင့်စပ်လျဉ်းသည့်ဥပဒေကြမ်းကို ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနက ဦးဆောင်၍ မူကြမ်းအဖြစ် ရေးဆွဲလျက်ရှိပါသည်။ သို့သော် လက်ရှိတွင် ဆက်သွယ်ရေးနှင့်သက်ဆိုင်သည့် အကြောင်းအရာများကို ဖြေရှင်းပေးနိုင်သော ဆက်သွယ်ရေးဥပဒေကို ၂၀၁၃ ခုနှစ်က ပြဋ္ဌာန်းခဲ့ပါသည်။[17]

၂၁။ နိုင်ငံတကာအသိအမှတ်ပြု၍ နှစ်စဉ် ဇွန်လ (၂၁) ရက်နေ့ကို အွန်လိုင်းအနိုင်ကျင့်မှုပပျောက်ရေးနေ့ (Stop Cyberbullying Day) အဖြစ် သတ်မှတ်ခဲ့ပါသည်။ ကမ္ဘာတစ်ဝှမ်းရှိ မတူညီသော နေရာဒေသများတွင် မှီတင်းနေထိုင်ကြသူအားလုံး၏ရည်မှန်းချက်ဖြစ်သည့် ပုဂ္ဂိုလ်ရေးဆိုင်ရာ ခြိမ်းခြောက်မှုများ၊ နှောင့်ယှက်မှုများ၊ အနိုင်ကျင့်ခြင်းများ ကင်းဝေးသော ကောင်းမွန်သည့် အွန်လိုင်းပတ်ဝန်းကျင်တစ်ရပ်ဖော်ဆောင်နိုင်စေရန်ဟူသည့်အချက်ကို အားပေးထောက်ခံ

[15] UNICEF, UNICEF poll: More than a third of young people in 30 countries report being a victim of online bullying, available from: http://www.unicef.org/press-releases/unicef-poll-more-third-young-people-30-countries-report-being-victim-online-bullying ,ထုတ်ဝေသည့်ရက် စက်တင်ဘာလ ၃ ရက်၊ ၂၀၁၉ ခုနှစ် (ကြည့်ရှုသည့်ရက် မေလ ၁၈ ရက်၊ ၂၀၂၀ ပြည့်နှစ်)

[16] ဆိုက်ဘာအနိုင်ကျင့်မှု သို့မဟုတ် လေသေနတ်ဖြင့်လူသတ်ခြင်း၊ Eleven Media Group, available from: https://news-eleven.com/article/120329, ထုတ်ဝေသည့်ရက် ဇွန်လ ၃၀ ရက်၊ ၂၀၁၉ (ကြည့်ရှုသည့်ရက် မတ်လ ၂၀ ရက်၊ ၂၀၂၀)

[17] မြင့်ကျော်လှိုင်၊ Cyberbullying ပြဿနာ ဘယ်လိုအဖြေရှာ၊ 7Day News available from: https://tinyurl.com/sss4vcr ထုတ်ဝေသည့်ရက် ဇူလိုင်လ ၁၀ ရက်၊ ၂၀၁၉ ခုနှစ် (ကြည့်ရှုသည့်ရက် ဧပြီလ ၁ ရက်၊ ၂၀၂၀ ပြည့်နှစ်)

သည့်အနေဖြင့် Stop Cyberbullying Day အား စတင်ပြုလုပ်ခဲ့ပါသည်။[18] ပြည်တွင်းဆိုက်ဘာ လုံခြုံရေးပြဿနာများကို အကြံပေးကူညီရန် မြန်မာ့သတင်းအချက်အလက် လုံခြုံရေးအဖွဲ့ (Myanmar Information Security Association–MISA) ကိုလည်း ဖွဲ့စည်းထားရှိခဲ့ပါသည်။[19]

## ဆိုက်ဘာအနိုင်ကျင့်ခြိမ်းခြောက်မှုနှင့် စပ်လျဉ်း၍ အရေးယူဆောင်ရွက်နေသည့် ဥပဒေများ

၂၂။ မြန်မာနိုင်ငံတွင် Cyber bullying လုပ်ခံရသူများအတွက် Cyber law ဟူ၍ သီးသန့် မရှိသေးသော်လည်း ဥပဒေကြောင်းအရ ဆက်သွယ်ရေးဥပဒေများဖြစ်သည့် ပုဒ်မ ၆၆(ဂ)၊ ပုဒ်မ ၆၆(ဃ) နှင့် အီလက်ထရောနစ်ဥပဒေ၊ ပုဒ်မ ၃၄ (ဃ) တို့ဖြင့် အရေးယူဆောင်ရွက်လျက်ရှိပါသည်-[20]

| စဉ် | ဥပဒေအမည် | ပုဒ်မ | ဖော်ပြချက် | ပြစ်ဒဏ် |
|---|---|---|---|---|
| ၁။ | ဆက်သွယ်ရေး ဥပဒေ | ပုဒ်မ ၆၆(ဂ) | ဆက်သွယ်ရေး ကွန်ရက်တစ်ခုခုကို အသုံးပြု၍ ငွေကြေးနှင့် ပစ္စည်းတစ်ရပ်ရပ်ကို ခိုးယူခြင်း၊ လိမ်လည်ခြင်း၊ အလွဲသုံးစားပြု ခြင်း သို့မဟုတ် အကျိုးပျက်စီးစေခြင်းတို့ကို ပြုလုပ်ပါက | နှစ်နှစ်ထက် မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်ဆယ်သိန်းထက် မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်စလုံး ဖြစ်စေချမှတ်နိုင်သည်။ |
| ၂။ | ဆက်သွယ်ရေး ဥပဒေ | ပုဒ်မ ၆၆(ဃ) | ဆက်သွယ်ရေး ကွန်ရက်တစ်ခုခုကို အသုံးပြု၍ ပုဂ္ဂိုလ်တစ်ဦးဦးအား ခြောက်လှန့်ခြင်း၊ တောင်းယူခြင်း၊ အသရေဖျက်ခြင်း၊ နှောင့်ယှက်ခြင်း သို့မဟုတ် ခြိမ်းခြောက်ခြင်းတို့ကို ပြုလုပ်ပါက | နှစ်နှစ်ထက် မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်ဆယ်သိန်းထက် မပိုသောငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်စလုံး ဖြစ်စေချမှတ်နိုင်သည်။ |

---

[18] Stop Cyberbullying Day အထိမ်းအမှတ်အဖြစ် Telenor မှ အသိပညာပေးဟောပြောပွဲ ရန်ကင်းပညာရေးကောလိပ်တွင် ကျင်းပပြုလုပ်၊ Myanmar Tech Press available from: https://mm.myanmartechpress.com/stop-cyberbullying-day-telenor/ ထုတ်ဝေသည့်ရက် ဇွန်လ ၂၁ ရက်၊ ၂၀၁၉ ခုနှစ် (ကြည့်ရှုသည့်ရက် မတ်လ ၃၀ ရက်၊ ၂၀၂၀ ပြည့်နှစ်)

[19] စောရည်နန္ဒာ၊ ဆိုက်ဘာလုံခြုံရေးပြဿနာများ ကူညီရန် မြန်မာ့သတင်းအချက်အလက် လုံခြုံရေးအဖွဲ့ (MISA) ဖွဲ့စည်း၊ မြန်မာတိုင်းမ်၊ available from: https://myanmar.mmtimes.com/news/125760.html ထုတ်ဝေသည့်ရက် ဇူလိုင်လ ၁၈ ရက်၊ ၂၀၁၉ ခုနှစ် (ကြည့်ရှုသည့်ရက် ဧပြီလ ၂၃ ရက်၊ ၂၀၂၀ ပြည့်နှစ်)

[20] နည်းပညာမှုခင်း၌ာနမှ ရဲမှူးကြီး ညွန့်ဝေက Irrawaddy တွင် ပြောကြားထားခြင်းမှ ကောက်နုတ်ရရှိပါသည်။ available from: https://burma.irrawaddy.com/article/2019/08/07/200069.html, ထုတ်ဝေသည့်ရက် ဩဂုတ်လ ၇ ရက်၊ ၂၀၁၉ ခုနှစ် (ကြည့်ရှုသည့်ရက် ဧပြီလ ၁၆ ရက်၊ ၂၀၂၀ ပြည့်နှစ်)

| စဉ် | ဥပဒေအမည် | ပုဒ်မ | ဖော်ပြချက် | ပြစ်ဒဏ် |
|---|---|---|---|---|
| ၃။ | အီလက်ထရောနစ် ဥပဒေ | ပုဒ်မ ၃၄(ဃ) | အဖွဲ့အစည်း တစ်ခု သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးကို ထိခိုက်နစ်နာစေရန်ဖြစ်စေ၊ ဂုဏ်သိက္ခာကျဆင်းစေရန်ဖြစ်စေ၊ သတင်းအချက်အလက်နှင့် အီလက်ထရောနစ်နည်းပညာဖြင့် ပြုလုပ်ခြင်း၊ ပြုပြင်ခြင်း သို့မဟုတ် ပြောင်းလဲခြင်း သို့မဟုတ် ပြောင်းလဲခြင်း ပြုလုပ်ထားသည့်အချက်ကို ဖြန့်ချိခြင်းတို့ကို ပြုလုပ်ပါက | ငွေကျပ်ဆယ်သိန်းမှ ငွေကျပ် သိန်းတစ်ရာ အထိဒဏ်ငွေပေးဆောင်ရမည်ဖြစ်ပြီး ဒဏ်ငွေ မပေးဆောင်ပါက ထောင်ဒဏ် အနည်းဆုံး တစ်နှစ်မှ အများဆုံး ၃ နှစ်အထိချမှတ်ခံရမည်[21] |

## ထင်မြင်ယူဆချက်များ

၂၃။ ဆိုက်ဘာအနိုင်ကျင့်ခံရမှု (Cyberbullying ) နှင့်စပ်လျဉ်း၍ ပညာရှင်များ၏အမြင်များနှင့် အကြံပြုချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

(က) Cyberbullying ပြုလုပ်ခံရသည့်အခါ ရင်ဖွင့်ပြောဆိုနိုင်သူ၊ အကြံပေးနိုင်သူ၊ အကာအကွယ်ပေးနိုင်မည့်သူများ လိုအပ်ပါသည်။

(ခ) ခိုင်မာကောင်းမွန်သည့် မူဝါဒ (Policy) များ ချမှတ်ပေးရန်နှင့် ချမှတ်ထားသည့် Policy များကိုလည်း သေချာနားလည်ပြီး ယင်းမူဝါဒ (Policy) များနှင့်အညီ အရေးယူပေးနိုင်ရန်လည်း လိုအပ်လျက်ရှိပါသည်။[22]

[21] နည်းပညာမှူးခင်ဌာနမှ ရဲမှူးကြီး ညွှန့်ဝေက Irrawaddy တွင် ပြောကြားထားခြင်းမှ ကောက်နုတ်ရရှိပါသည်။ available from: https://burma.irrawaddy.com/article/2019/08/07/200069.html, ထုတ်ဝေသည့်ရက် ဩဂုတ်လ ၇ ရက်၊ ၂၀၁၉ ခုနှစ် (ကြည့်ရှုသည့်ရက် ဧပြီလ ၁၆ ရက်၊ ၂၀၂၀ ပြည့်နှစ်)

[22] မြန်မာအိုင်စီတီဖွံ့ဖြိုးရေးအဖွဲ့ (Myanmar ICT for Development Organization – MIDO) Program Director မရတနာက ပြောကြားထားပါသည်။ available from: https://burma.irrawaddy.com/article/2019/08/07/200069.html, ထုတ်ဝေသည့်ရက် ဩဂုတ်လ ၇ ရက်၊ ၂၀၁၉ (ကြည့်ရှုသည့်ရက် မတ်လ ၂၀ ရက်၊ ၂၀၂၀)

(ဂ) မြန်မာနိုင်ငံတွင် Facebook သုံးစွဲသူ သန်းနှင့်ချီရှိနေသည့်အတွက် ဆိုက်ဘာမှုခင်းအဖွဲ့ကိုလည်း ရန်ကုန်မြို့၌ သာမက တိုင်းဒေသကြီး၊ ပြည်နယ်မြို့များတွင်ပါ တိုးချဲ့ဖွဲ့စည်းထားသင့်ပါသည်။ ထို့အပြင် ကွန်ပျူတာကျွမ်းကျင်သည့် ရဲတပ်ဖွဲ့ဝင်များ ခန့်အပ်တာဝန်ပေးပြီး Online ပေါ်၌ အတင့်ရဲနေသည့် ဥပဒေချိုးဖောက်သူများကို ပြတ်ပြတ်သားသား အရေးယူသင့်ပါသည်။[23]

(ဂ) ဆိုက်ဘာအနိုင်ကျင့်မှုပြုလုပ်သည့်အခါ တမင်ရည်ရွယ်ချက်ရှိရှိ ပြုလုပ်သည်သို့မဟုတ် မရည်ရွယ်ဘဲ ဖြစ်သွားသည်ဆိုသည့် အပိုင်းများကို ကြည့်ပြီး ရည်ရွယ်ချက်အရပြုလုပ်သည်ဆိုလျှင် ဥပဒေကြောင်းအရ ပိုမို၍ ပြင်းပြင်းထန်ထန် ကာကွယ်ရမည်ဖြစ်ပါသည်။

(ဃ) ဆိုက်ဘာမှုခင်းဥပဒေက တစ်ခြားဥပဒေနှင့်မတူဘဲ နည်းပညာများ ပါလာခြင်းဖြစ်သောကြောင့် ဥပဒေကို အသုံးပြုမည့် ရဲတပ်ဖွဲ့ဝင်များနှင့် တရားစီရင်ရေးသမားများကို နည်းပညာပိုင်းဆိုင်ရာ အသိပညာပေးသင်တန်းများ များစွာပေးရန် လိုအပ်လျက်ရှိပါသည်။[24]

(င) အဖွဲ့အစည်း၊ ဌာနများအတွင်းတွင် Cyber Security နှင့်ပတ်သက်ပြီး လိုက်နာဆောင်ရွက်သင့်သည်များကိုလည်း အခါအားလျော်စွာ ထုတ်ပြန်ပေးပြီး စစ်ဆေးရေးအဖွဲ့များ ဖွဲ့၍ စစ်ဆေးခြင်း၊ တွေ့ရှိချက်များကို အစီရင်ခံခြင်းစသည့် လုပ်ငန်းစဉ်များကို စဉ်ဆက်မပြတ် ဆောင်ရွက်ခြင်းဖြင့် Cyber Crime များကို လျော့ချနိုင်မည်ဖြစ်သည်။[25]

[23] ဇော်သက်ထွေး၊ ဆိုက်ဘာမှုခင်းအဖွဲ့ကို တိုးချဲ့ဖွဲ့စည်းပေးပါ သမ္မတကြီးခင်ဗျား၊ Tomorrow Journal, available form: http://tomorrow.com.mm/articles/2543 (ကြည့်ရှုသည့်ရက် ဧပြီလ ၂၃ ရက်၊ ၂၀၂၀ ပြည့်နှစ်)

[24] အွန်လိုင်းပေါ်က အနိုင်ကျင့်မှု အရေးယူမှု မပြုနိုင်သေး၊ Mawkun, MIDO ၏ အစီအစဉ် ညွှန်ကြားရေးမှူး ဒေါ်ဖြူဖြူသီက အကြံပြုထားသည်ကို မော်ကွန်းသတင်းမှ ကောက်နုတ်ထားခြင်းဖြစ်ပါသည်။ Available form: https://tinyurl.com/y9rbn8xf ထုတ်ဝေသည့်ရက် ဒီဇင်ဘာလ ၁ ရက် ၂၀၁၈ ခုနှစ် (ကြည့်ရှုသည့်ရက် ဧပြီလ ၂၃ ရက် ၂၀၂၀ ပြည့်နှစ်)

25 Cyber လုံခြုံရေးကို မြန်မာနိုင်ငံ ဘယ်လောက်အလေးထားသလဲ၊ နည်းပညာကျွမ်းကျင်သူတစ်ဦးက The Popular News Journal တွင် ပြောကြားခြင်းမှ ကောက်နုတ်ရရှိပါသည်။ Available from: https://tinyurl.com/ya4ry766, ထုတ်ဝေသည့်ရက် ဖေဖော်ဝါရီလ ၉ ရက်၊ ၂၀၁၇ ခုနှစ် (ကြည့်ရှုသည့်ရက် ဧပြီလ ၂၁ ရက်၊ ၂၀၂၀ ပြည့်နှစ်)

## အမေရိကန်နိုင်ငံတွင် ဆိုက်ဘာအနိုင်ကျင့်ခြိမ်းခြောက်ခြင်းနှင့်စပ်လျဉ်း၍ဆောင်ရွက်နေမှုများ

၂၄။ အမေရိကန်နိုင်ငံတွင် အင်တာနက်သုံးစွဲမှုကို ကလေးသူငယ်များသည် ပိုမိုအသုံးပြုသည့်အတွက်ကြောင့် ဆိုက်ဘာအနိုင်ကျင့်မှုကို ငယ်စဉ်ကတည်းက ကြုံတွေ့ခဲ့ကြရပါသည်။ ၂၀၁၉ ခုနှစ်၊ ဧပြီလတွင်းက အလယ်တန်းနှင့် အထက်တန်းကျောင်းသားများအကြား သုံးပုံတစ်ပုံကျော်သည် ဆိုက်ဘာခြိမ်းခြောက်မှုကို ခံစားခဲ့ရပြီး အများအားဖြင့် ကျူးလွန်သူများသည် ၎င်းတို့နှင့် သက်တူရွယ်တူများသာဖြစ်ပါသည်။ တချို့ဆိုက်ဘာခြိမ်းခြောက်မှုများမှာ အစီရင်ခံစာထုတ်ပြန်ခြင်းများ မရှိခဲ့ပါ။[26] ၂၀၁၈ ခုနှစ်ကတည်းက အုပ်ထိန်းသူ မိဘ ၂၆ ရာခိုင်နှုန်း၏ ကလေးများသည် ဆိုက်ဘာအနိုင်ကျင့်ခြိမ်းခြောက်မှုကို ရင်ဆိုင်ခဲ့ကြရပါသည်။ ထို့ကြောင့် လူမှုကွန်ယက်၊ မိုဘိုင်းဖုန်းနှင့်အွန်လိုင်းမှ စာတိုများပေးပို့ခြင်းသည် မိမိတို့၏ကလေးများအပေါ် ဆိုက်ဘာခြိမ်းခြောက်မှုအတွက် အဓိကပလက်ဖောင်းတစ်ခုဖြစ်ကြောင်း ကမ္ဘာတစ်ဝှမ်းရှိ မိဘအများစုက သတိပြုမိလာကြပါသည်။ ထို့ကြောင့် ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလအတွင်းက အမေရိကန်ပြည်ထောင်စု၊ ဗားမောင့် (Vermont) ပြည်နယ်မှ လွှတ်တော်အမတ်တစ်ဦးသည် အသက် (၂၁) နှစ်အောက်လူငယ်များကို ဖုန်းကိုင်ခွင့် ပိတ်ပင်မည့် အဆိုတစ်ရပ်ကို တင်သွင်းခဲ့ပါသည်။ ၎င်း၏အဆိုတွင် ပါဝင်သည့်အချက်များအရ အသက် (၂၁) နှစ်မပြည့်မီ ဖုန်းသုံးစွဲသူများကို ငွေဒဏ်အနေနှင့် အမေရိကန်ဒေါ်လာ (၁၀၀၀) နှင့် ထောင်ဒဏ် (၁) နှစ်ချမှတ်ရန် ထည့်သွင်းရေးဆွဲထားပါသည်။[27]

၂၅။ အမေရိကန်နိုင်ငံတွင် ဖက်ဒရယ်ဥပဒေပြုခြင်းမရှိသော်လည်း ပြည်နယ်အများစုတွင် ဥပဒေ၊ မူဝါဒများ သို့မဟုတ် ယင်းနှစ်ခုစလုံးရှိကြသည့် ပြည်နယ်များလည်းရှိပါသည်။ Anti-Bullying Law ကို သက်ဆိုင်ရာပြည်နယ်အလိုက် ဥပဒေများထုတ်ပြန်ခဲ့ပြီး[28] တရားဝင်ထုတ်ပြန်သည့် ခုနှစ်မှာ မတူညီကြပေ။ အမေရိကန်နိုင်ငံတွင် ပြည်နယ် (၅၀) ခု ရှိသည့်အနက် ပြည်နယ် (၃၄)

26Statista, Cyberbullying-Statistics & Facts, available from: https://www.statista.com/topics/1809/cyber-bullying/, ထုတ်ဝေသည့်ရက် အောက်တိုဘာလ ၁၄ ရက်၊ ၂၀၁၉ ခုနှစ် (ကြည့်ရှုသည့်ရက် မေလ ၈ ရက်၊ ၂၀၂၀ ပြည့်နှစ်)

[27] ဧရာဝတီ၊ အသက် (၂၁) နှစ် မပြည့်မီ ဖုန်းကိုင်သူတွေကို ထောင်ချမယ့်အဆို အမေရိကန်လွှတ်တော်မှာ တင်သွင်း၊ available form: https://burma.irrawaddy.com/lifestyle/trend/2020/01/14/212798.html, ထုတ်ဝေသည့်ရက် ဇန်နဝါရီလ ၁၄ ရက်၊ ၂၀၂၀ ပြည့်နှစ် (ကြည့်ရှုသည့်ရက် မေလ ၂၀ ရက်၊ ၂၀၂၀ ပြည့်နှစ်)

[28] Cyber bullying Research Center, Bullying Laws Across America, available from: https://cyberbullying.org/bullying-laws (ကြည့်ရှုသည့်ရက် မေလ ၂၇ ရက်၊ ၂၀၂၀ ပြည့်နှစ်)

ခုတွင် မူဝါဒနှင့် ဥပဒေနှစ်ရပ်လုံး ထုတ်ပြန်ထားပြီး ပြည်နယ် (၇) ခုတွင် ဥပဒေတစ်မျိုး တည်းသာ ထုတ်ပြန်ထားပါသည်။ ကျန်ရှိသည့်ပြည်နယ်များမှ စစ်တမ်းကောက်ယူမှု မရှိပါ။[29]

## အိန္ဒိယနိုင်ငံတွင် ဆိုက်ဘာအနိုင်ကျင့်ခြိမ်းခြောက်ခြင်းနှင့်စပ်လျဥ်း၍ ဆောင်ရွက်နေမှုများ

၂၆။ ကမ္ဘာ့နိုင်ငံများနှင့် နှိုင်းယှဉ်လျှင် အိန္ဒိယနိုင်ငံရှိ ဆယ်ကျော်သက်အရွယ်များသည် ဆိုက်ဘာအနိုင်ကျင့်မှုကို အများဆုံးရင်ဆိုင်ကြုံတွေ့နေရပါသည်။ ပြစ်မှုကျူးလွန်သူများကို အပြစ်ပေးအရေးယူရန် သတင်းအချက်အလက် နည်းပညာအက်ဥပဒေ (Information Technology Act) ကို ၂၀၀၀ ပြည့်နှစ်က ထုတ်ပြန်ခဲ့ပြီး ၂၀၀၈ ခုနှစ်က အဆိုပါအက်ဥပဒေကို ပြန်လည်ပြင်ဆင်ခဲ့ပါသည်။[30] ယင်းဥပဒေ၏ပုဒ်မ ၅၀၇ တွင် တစ်စုံတစ်ဦးသည် အွန်လိုင်းမှ ခြိမ်းခြောက် အနိုင်ကျင့်ခြင်း ပြုလုပ်ကြောင်း ထင်ရှားပါက ထောင်ဒဏ် (၂) နှစ်အထိ ချမှတ်နိုင်သည်ဟု ပြဋ္ဌာန်းထားပါသည်။ ပုဒ်မ ၆၆ တွင် တစ်စုံတစ်ဦးသည် တမင်ရည်ရွယ်၍ ပုဂ္ဂိုလ်ရေးရာ ချိုးဖောက်ပါက ထောင်ဒဏ် (၃) နှစ်အထိ ချမှတ်နိုင်သည်ဟု ပြဋ္ဌာန်းထားပါသည်။[31] ၂၀၁၃ ခုနှစ် နှင့် ၂၀၁၄ ခုနှစ်အတွင်း ဆိုက်ဘာဥပဒေ ဖွံ့ဖြိုးမှုလုပ်ငန်းများအတွက် သုတေသနလုပ်ငန်းများကို အားစိုက်လုပ်ဆောင်ခဲ့သည်ကို တွေ့ရှိရပါသည်။

၂၇။ ထို့အပြင် ဆိုက်ဘာဥပဒေပြဋ္ဌာန်းချက်များ ပြည့်စုံရေးအတွက် ဆိုက်ဘာဥပဒေနှင့် ဆိုက်ဘာမှုခင်းများ ကာကွယ်တားဆီးရေး မဟာဗျူဟာများ ရေးဆွဲထားရှိခြင်းနှင့် ၎င်းမှုခင်းများ စုံစမ်းဖော်ထုတ်ခြင်းအတွက် လေ့ကျင့်မှု လိုအပ်ချက်များ ဖြည့်ဆည်းထားရှိခြင်း၊ မှုခင်းများ လျင်မြန်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် အီလက်ထရောနစ်ဖြင့် စာပို့ခြင်းစနစ် (E-mail)နှင့် Cloud Computing စနစ် (လူကိုယ်တိုင် တိုက်ရိုက်စီမံခန့်ခွဲရန် မလိုဘဲ အလိုအလျောက် စွမ်းဆောင်နိုင်သောစနစ်) ကိုကျင့်သုံးခြင်း၊ Website များ တားဆီးပိတ်ပင်ခြင်း

[29] Alert Solutions, United States: Anti-Bullying Laws and Policies, available from: https://www.alertsolutions.com/AS/SchoolAnnouncement/School_Announcement_Anti_Bullying_Laws_by_State.pdf (ကြည့်ရှုသည့်ရက် မေလ ၁၈ ရက်၊ ၂၀၂၀ ပြည့်နှစ်)

[30] Everything You Need to Know About Cyberbullying and How to Stop It, The better India, available from: https://www.thebetterindia.com/71909/cyberbullying-it-act-2000-cyber-law-in-india/, ထုတ်ဝေသည့်ရက် အောက်တိုဘာလ ၁၉ ရက်၊ ၂၀၁၆ ခုနှစ် (ကြည့်ရှုသည့်ရက် ဧပြီလ ၂၆ ရက်၊ ၂၀၂၀ ပြည့်နှစ်)

[31] Myadvo, What is Cyber Bullying or Anti-Bullying Laws in India, available from: http://www.google.com/amp/s/www.myadvo.in/blog/must-read-what-is-cyber-bullying-or-anti-bullying-laws-in-india/amp/ , ထုတ်ဝေသည့်ရက် စက်တင်ဘာလ ၂၉ ရက်၊ ၂၀၁၉ ခုနှစ် (ကြည့်ရှုသည့်ရက် မေလ ၁၈ ရက်၊ ၂၀၂၀ ပြည့်နှစ်)

နှင့် မိုဘိုင်းဝန်ဆောင်မှုများအတွက် စည်းမျဉ်း၊ စည်းကမ်းများ၊ ချမှတ်ဆောင်ရွက်ခြင်းနှင့် ရှင်းလင်းမှုလုပ်ငန်းစဉ်များ စသည်တို့ကိုဆောင်ရွက်လျက်ရှိပါသည်။[32]

၂၈။ အထက်ပါနိုင်ငံ (၂) နိုင်ငံကို လေ့လာကြည့်ပါက အောက်ပါတို့ကို တွေ့ရှိရပါသည်-

(က) ဆိုက်ဘာအနိုင်ကျင့်ခံရမှု (Cyberbullying) နှင့်စပ်လျဉ်း၍ ခိုင်မာကောင်းမွန်သည့် ဥပဒေပြဋ္ဌာန်းထားရှိခြင်း၊

(ခ) အမေရိကန်ပြည်ထောင်စုတွင် Anti-Bullying Law ကို ပြည်နယ်အလိုက် ဥပဒေပြဋ္ဌာန်းထားရှိခြင်းနှင့် မူဝါဒများရေးဆွဲပြီး တားဆီးပိတ်ပင်မှုများ ပြုလုပ်ထားရှိခြင်း၊

(ဂ) အမေရိကန်ပြည်ထောင်စုရှိ ဗားမောင့်ပြည်နယ်တွင် အသက် (၂၁) နှစ်အောက် လူငယ်များကို ဖုန်းကိုင်ခွင့် ပိတ်ပင်နိုင်မည့် အဆိုတစ်ရပ်ကို တင်သွင်းနိုင်ခြင်း၊

(ဃ) အိန္ဒိယနိုင်ငံတွင်လည်း ဆိုက်ဘာဥပဒေနှင့် မှုခင်းများ ကာကွယ်တားဆီးရေးအတွက် မဟာဗျူဟာများရေးဆွဲထားရှိခြင်း၊

(င) စုံစမ်းဖော်ထုတ်ရေးအတွက် လေ့ကျင့်မှုလိုအပ်ချက်များကို ဖြည့်ဆည်းထားရှိခြင်း၊

(စ) Webiste များ တားဆီးပိတ်ပင်မှုနှင့် မိုဘိုင်းဝန်ဆောင်မှုအတွက် စည်းမျဉ်း၊ စည်းကမ်းများချမှတ်ဆောင်ရွက်ထားရှိခြင်းတို့တွေ့ရှိရပါသည်။

## နိဂုံး

၂၉။ ကမ္ဘာတစ်ဝှမ်းတွင် ဆယ်ကျော်သက်အရွယ်နှင့် ကလေးသူငယ်များသည် အွန်လိုင်းမှ ခြိမ်းခြောက်မှုဒဏ်ကို ရင်ဆိုင်ကြုံတွေ့နေရပါသည်။ ကမ္ဘာ့နိုင်ငံများရှိ အစိုးရအနေဖြင့် အွန်လိုင်းမှ ခြိမ်းခြောက်မှုများကို ကာကွယ်ရန်နှင့် ထိန်းချုပ်နိုင်ရေးတို့အတွက် Policy များ ချမှတ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ မြန်မာနိုင်ငံတွင်လည်း (Cyberbullying Law) ဟူ၍

[32] နိုင်ငံတိုင်း အလေးထား ဆောင်ရွက်ရမည့် ဆိုက်ဘာဥပဒေ၊ Myawady၊ available from: http://www.myawady.net.mm/index/php/effectarticles/item/31716-2018-09-20-12-23-40 , ထုတ်ဝေသည့်ရက် စက်တင်ဘာလ ၂၀ ရက်၊ ၂၀၁၈ ခုနှစ် (ကြည့်ရှုသည့်ရက် မေလ ၁၈ ရက်၊ ၂၀၂၀ ပြည့်နှစ်)

သီးသန့်ပြဋ္ဌာန်းထားခြင်းမရှိသေးသောကြောင့် ယခုလက်ရှိတွင် ဆက်သွယ်ရေးဥပဒေနှင့် အီလက်ထရောနစ်ဥပဒေများဖြင့် အရေးယူဆောင်ရွက်လျက်ရှိပါသည်။ ဆက်သွယ်ရေးဥပဒေနှင့် ပတ်သက်၍ နိုင်ငံအချို့၏ထိရောက်သော ဥပဒေပြဋ္ဌာန်းကျင့်သုံးမှုများကို သိရှိနိုင်စေရန်နှင့် ယင်းဥပဒေမူကြမ်းရေးဆွဲရာတွင် အထောက်အကူပြုနိုင်စေရေးအတွက် ရေးသားတင်ပြလိုက်ရပါသည်။

**သုတေသနဌာန**

**ပြည်သူ့လွှတ်တော်ရုံး**

**ဤစာတမ်းတိုအား ဒေါ်အကယ်ဒမီလင်း (ဒုတိယဦးစီးမှူး) မှ တာဝန်ယူရေးသား၍ သုတေသနဌာနမှ အရာထမ်းအဆင့်ဆင့်က ဝိုင်းဝန်းကြီးကြပ်တည်းဖြတ်၍ ထုတ်ဝေခြင်းဖြစ်ပါသည်။**

## သတိပြုရန်

ဤသတင်းအချက်အလက်သည် လွှတ်တော်ကိုယ်စားလှယ်များအား ၎င်းတို့၏ လွှတ်တော်ဆိုင်ရာ တာဝန်များကို ဆောင်ရွက်ရာတွင် အထောက်အကူပြုရန်အတွက် ဖြစ်ပါသည်။ ပုဂ္ဂိုလ်ရေးဆိုင်ရာ ကိစ္စ တစ်စုံတစ်ခုအတွက် အသုံးပြုရန်မဟုတ်ပါ။ အချိန်နှင့်တပြေးညီ နောက်ဆုံးရသတင်းဖြစ်မည်ဟု သတ်မှတ် မထားသင့်ပါ။ ဤအချက်အလက်များအား တရားဝင် သို့မဟုတ် ပညာရှင်ဆိုင်ရာအကြံပေးချက်အဖြစ် မသတ်မှတ်သင့်ပါ။ အထူးအကြံပေးချက် သို့မဟုတ် သတင်းအချက်အလက်များလိုအပ်ပါက အရည် အသွေးပြည့်မီသော သင့်လျော်သည့် ကျွမ်းကျင်ပညာရှင်နှင့် ဆွေးနွေးတိုင်ပင်သင့်ပါသည်။ လွှတ်တော် သုတေသနဝန်ဆောင်မှုသည် စာတမ်းတိုများတွင် ပါဝင်သောအကြောင်းအရာများနှင့် စပ်လျဉ်း၍ လွှတ်တော် ကိုယ်စားလှယ်များ၊ လွှတ်တော်ဝန်ထမ်းများနှင့် ဆွေးနွေးမှုများ ပြုလုပ်ပေးနိုင်ပါသည်။ အများပြည်သူနှင့် ဆွေးနွေးမှုများ ပြုလုပ်ခြင်းမရှိပါ။

သုတေသနလုပ်ငန်းဆိုင်ရာ စုံစမ်းမေးမြန်းမှုများပြုလုပ်ရန်
(သို့မဟုတ်) သုတေသနဌာနအား လာရောက်လေ့လာရန်
အောက်ပါလိပ်စာအတိုင်း ဆက်သွယ်နိုင်ပါသည်။


သုတေသနဌာန
ပြည်သူ့လွှတ်တော် C ဆောင် - ဒုတိယထပ်
တယ်လီဖုန်း - ၀၆၇ - ၅၉၁၂၈၄၊ ၀၆၇ - ၅၉၁၂၈၅